အသင်တို့ထဲမှ တစ်ဦးတစ်ယောက်သည် အိပ်စက်ခြင်းမှ
နိုးထလာသောအခါ နှာခေါင်းထဲ ရေရှူသွင်း
ရှူထုတ်လုပ်ပြီး
သုံးကြိမ်ဆေးကြောပါ။အဘယ်ကြောင့်ဆိုသော်
ရှိုင်သွာန်သည် ထိုသူ၏ နှာ ခေါင်းအရင်း၌ ညတာကုန်ဆုံး (
အိပ်စက်) ခဲ့ခြင်းကြောင့်ဖြစ်သည်။
အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့ထဲမှ
တစ်ဦးတစ်ယောက်သည် အိပ်စက်ခြင်းမှ နိုးထလာသောအခါ နှာခေါင်းထဲ ရေရှူသွင်း
ရှူထုတ်လုပ်ပြီး သုံးကြိမ်ဆေးကြောပါ။အဘယ်ကြောင့်ဆိုသော် ရှိုင်သွာန်သည် ထိုသူ၏
နှာ ခေါင်းအရင်း၌ ညတာကုန်ဆုံး (အိပ်စက်) ခဲ့ခြင်းကြောင့်ဖြစ်သည်။
[صحيح] [متفق عليه]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် အိပ်ရာမှ နိုးထလာသူအား နှာခေါင်းထဲ
ရေရှူသွင်း ရှူထုတ်လုပ်ပြီး သုံးကြိမ်ဆေးကြောရန် တိုက်တွန်းတော်မူထားသည်။
"အလ်အစ်သင်န်စာရ်" ဆိုသည်မှာ နှာခေါင်းထဲသို့ ရေကို သွင်းပြီးနောက်
ပြန်ထုတ်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရခြင်း၏ အကြောင်းရင်းမှာ ရှိုင်သွာန်သည်
"ခိုင်ရှူးမ်"နှာခေါင်းတစ်ခုလုံး၌ ညတာကုန်ဆုံး (အိပ်စက်) ခဲ့ခြင်းကြောင့်ဖြစ်သည်
https://sunnah.global/hadeeth/my/show/8377